# မြန်မာတို့၏အနှိုင်းမဲ့ဇရပ်
နှင့်
# အခြားဆောင်းပါးများ

ဦးမြင့်ဝေ (ကြို့ပြင်ကောက်)



ဒီဇင်ဘာလ၊ ၂၀၁၃ ခုနှစ်

## အမှာစာ အမှတ်စဉ် (၁)

### ဇဟုသုတပေထုပ် စာအုပ်တစ်အုပ်

'အမှာစာ'ဆိုခြင်းထက် စာရေးသူနှင့် သူ၏စာကို မိတ်ဆက်ခြင်းဆိုလျှင် ပို၍အဓိပ္ပာယ်ပြည့်စုံပါမည်။ ကြို့ပင်ကောက်ဇာတိ ဦးမြင့်ဝေသည် ရန်ကုန်စက်မှုတက္ကသိုလ်ဆင်း အင်ဂျင်နီယာဘွဲ့ရှင် ဖြစ်သည့်အလျောက် အင်ဂျင်နီယာပီသစွာပင် လက်တွေ့ကျသော ဇဟုသုတများကို စိတ်ဝင်စားသူဖြစ်သည်။ သူသည် စာဖတ်ခြင်းကို ဝါသနာထုံသူဖြစ်သည့်အလျောက် သူ၏ ပြည်ပနိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်း စာဖတ်ခြင်းဖြင့် အချိန်များစွာကို ပေးဆပ်ထားသူဖြစ်သည်။ သူသည် အမေရိကန်နိုင်ငံ၏ ရှားပါးသောစာအုပ်များသိုမှီးရာ စာကြည့်တိုက်များ၌ ကျင်လည်ရင်း သူ၏အချိန်များကို နှစ်မြှုပ်နိုင်သူလည်းဖြစ်သည်။

စာဖတ်များ၍ စာဖတ်အားကောင်းလာလေ လျှံကျလာသော သူသိရာရာသော စာဇဟုသုတများကို ဖွင့်အန်လာချင်လေ ဖြစ်လာသည်။ ထိုအခါသူသည် အမိမြေသို့ပြန်ရောက်လာသည်။ သူနှင့်ဖိုးသောကြာတို့သည် ကြို့ပင်ကောက်အနွယ်ဖွားများ ဖြစ်ကြသလို ဖိုးသောကြာ၏သတင်းစာတိုက် တည်နေရာနှင့် သူ၏အိမ်ဂေဟာတို့သည် အိမ်နီးချင်းဖြစ်နေကြသည်က သူ့ဦးနှောက်မှာလျှံနေသော စာဇဟုသုတများကို စာဖတ်သူတို့ထံ ဖြန့်ဝေရန်ဖန်လာသလို ဖြစ်လာသည်။

သူသည် အင်ဂျင်နီယာစိတ်နှင့်မြန်မာစာကို ဇဟုသုတကျကျ၊ စာ

အရေးအသားဖြင့် ရေးချလိုက်သည်။ အဖွဲ့အနွဲ့မပါ၊ သူသိစေလိုသော ဗဟုသုတကို အခြားသူတစ်ပါးဦးနှောက်ထဲသို့ တဲ့လောင်းထည့်ပေးသည်။ ဤသည်မှာ ဖိုးသောကြာတို့ ကိုင်စွဲသော သတင်းစာသုံး မြန်မာစာ အရေးအသားဖြစ်သည်။ သူ့ကလောင်အောင်မြင်သွားသည်။ ဖိုးသောကြာ ဦးစီးတည်းဖြတ်ထုတ်ဝေသော ဖေးဗရိတ်အပတ်စဉ် ဂျာနယ်၌ သူ၏ သုတဆောင်းပါးများကို ပရိသတ်ကနေရာပေးလာသည်။ တစ်နည်းဆောင်းပါး အပါကျဲလာလျှင် တောင်းဆိုသည့် စာဖတ်ပရိသတ်က တစ်နေ့တခြားများပြားလာသည်။

သူရေးသောဆောင်းပါးတိုင်းသည် သုတဆောင်းပါးများဖြစ်ပြီး အထောက်အကိုးအားလုံးသည် ခိုင်လုံတိကျသည်။ အချက်အားလုံးကို သက်သေပြသည့်စာအုပ်စာတမ်း မှတ်တမ်းဓာတ်ပုံများရှိသည်။ သူသည် စာအုပ်များကို စုဆောင်းရုံမျှသာမက ဝယ်မရလျှင် စီဒီ (CD)ဖြင့် ကူးယူသော အသံဖိုင်များအထိ စုဆောင်းထားသည်။ ဒါက သူ့ဝါသနာ။

အချို့ ဘာသာရေးဆောင်းပါးများ၌ အခိုင်အလုံသိရှိလိုကြသော စာဖတ်သူများ အထူးသဖြင့် ဘာသာရေး၌ နှိုက်နှိုက်ချွတ်ချွတ်စူးစမ်းလိုသူများ၊ ယုံကြည်မှုကို ခိုင်မာစေလိုသူများသည်။ သူ (ဦးမြင့်ဝေ-ကြို့ပင်ကောက်)ကို တကူးတကလာရောက် တွေ့ဆုံမေးမြန်းဆွေးနွေးလိုကြသဖြင့် ဖိုးသောကြာက ဆက်သွယ်စီစဉ်ပေးရသည်အထိ သူရေးသောဆောင်းပါးများက စာဖတ်သူတို့အပေါ် ဩဇာသက်ရောက်လာသည်။ ဤတွင် စာဖတ်ပရိသတ်က သူ့နောက်ကိုလိုက်လာသည်။ ဖေးဗရိတ်အပတ်စဉ်ဂျာနယ်သည် ရွှေနိုင်ငံသစ်နေ့စဉ်သတင်းစာဖြစ်သွားသည်အထိ စာဖတ်ပရိသတ်က သူ့နောက်မှ တကောက်ကောက် လိုက်လာသောအခါ သူသည်ဆောင်းပါးများအားလုံး တစ်စုတစ်ရုံးတည်း ပေါင်းစည်းထုတ်ဝေဖို့ စီစဉ်ရတော့သည်။

ယခုစာအုပ်သည် အင်ဂျင်နီယာတစ်ဖြစ်လဲ စာရေးဆရာတစ်ဦး၏ စာအုပ်တစ်အုပ်ဖြစ်လာသည်။ ဤစာအုပ်တစ်အုပ်ကို ကိုင်ဆွဲ သိမ်းဆည်း၍ စာအုပ်စင်ပေါ်၌ တင်ထားရုံမျှဖြင့် အမေရိကန်နိုင်ငံရှိ စာကြည့်တိုက်များမှ စာအုပ်များစွာတို့ထဲတွင် ဖော်ပြပါရှိသော ဗဟုသုတ ဟင်းလေးအိုးကြီးကို အချိန်မရွေးထုတ်၍ စားသုံးခွင့်ရနေသူ တစ်ဦး သဖွယ်ဖြစ်လာမည်။ ဤအခွင့်ရေးကို စာဖတ်ဝါသနာအိုးများအားပေး လိုသောစေတနာသည် စာရေးသူ၏ရင်ဘတ်ထဲမှာ ထာဝရစွဲကပ် နေသည်ကို ဖိုးသောကြာက သိနေ၍သာ ဤအမှာစာကိုရေးသားရခြင်း ဖြစ်သည်။ စာရေးဆရာ၏ စေတနာသည် 'အမြတ်အစွန်း' မဟုတ် သည်မှာ သေချာသည်။ သူသည်စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသူမဟုတ်သည့်အပြင် သူ့ဘဝသည် ပြည့်စုံသူ လည်းဖြစ်သည်။ သူလိုအပ်သော အမြတ်အစွန်းမှာ အင်္ဂလိပ်စာကိုဖတ် ရန် တတ်ရန်၊ သိရန် အားနည်းသူများပြားသော မြန်မာစာဖတ် ဝါသနာ ရှင်များက သူဝေငှလိုသော ဗဟုသုတများကို များများဖတ်စေလိုသော 'အမြတ်အစွန်း'သာဖြစ်သည်။

သူ၏စာအရေးအသားသည် အကွန့်၊ အတွန့်၊ အဖွဲ့၊ အနွဲ့မပါ ရိုးရှင်း သော မြန်မာစာအရေးအသား။ တင်စားရလျှင် အင်ဂျင်နီယာဆန်သော စာအရေးအသားဖြစ်သည်ကို စာတည်း(အယ်ဒီတာ)အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖိုးသောကြာက ခံစားရပါသည်။ ဖိုး သောကြာ၏ခံစားချက်အား ဤစာအုပ်ကို ဖတ်ရှုကြသော စာဖတ်သူများ လည်း လက်ခံနိုင်လိမ့်မည်ဟု တထစ်ချယုံကြည်ပါသည်။ ဤစာအုပ်ကို စာဖတ်သူတို့က လက်ခံကြပြီဆိုလျှင် ဦးမြင့်ဝေ(ကြို့ပင်ကောက်)သည် သူ့မှာရှိနေသမျှသော ဗဟုသုတများကိုအကုန်ထုတ်၍ စာအုပ်များအဖြစ် ဝေငှနေဦးမည်သာဖြစ်ကြောင်း ယုံကြည်နေပါသတည်း။

ဖိုးသောကြာ (ခေတ် မိုး)

သတင်းစာဆရာ

*

# အမှာစာ အမှတ်စဉ် (၂)

## ရွှေငယ်ဝိုင်း၏ အမှာစာ

ဦးမြင့်ဝေရေးသားပေးပို့သော ဆောင်ပါးပေါင်းချုပ်စာအုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်ဖိုင်တွဲကို ကောင်းစွာရရှိပြီး ထိုစာမူများကို စာအုပ်ထုတ်ဝေရာတွင် အမှာစာရေးသားပေးပါရန်ကိုလည်း မေတ္တာရပ်ခံထားပြန်သဖြင့် သူ၏စာမူများကို ကြိုးစားဖတ်ရှုကာ အမှာစာရေးသားဖို့ ကတိပေးလိုက်ပါသည်။ သို့သော် ကျွန်တော့်မှာ အသက် (၉၀)ကျော်ပြီဖြစ်သဖြင့် လွယ်ကူသောကိစ္စတော့ မဟုတ်ပါ။ စေတနာဓာတ္တိဖြင့် ကြိုးစားဖတ်ရှုပြီး အကျဉ်းချုပ်မျှ ရေးသားပေးလိုက်ပါ သည်။

ဦးမြင့်ဝေ(ကြို့ပင်ကောက်)ဟု ကလောင်အမည်ခံယူထားသူ၏ စိတ်ဓာတ်နှင့်ဝါသနာကို အတိုဆုံးဂုဏ်ပြုရလျှင် သူသည် အထက်တန်းကျောင်းသားဘဝကပင် အမှန်တရားကို ကျိန်းသေဖြစ်နိုင်မှ ဓွဲသတ္တိဖြင့်စဉ်းစားချင့်ချိန်၍ လုပ်လေ့ရှိသော သူတော်လူကောင်းတစ်ယောက်ဟု ကျွန်တော်သတိပြုမိခဲ့ပါသည်။ စာပေကိုလည်းချစ်မြတ်နိုးသည့် စိတ်ဓာတ်ဗီဇပါရှိသူဖြစ်မှန်း သိရှိခဲ့ပါသည်။ သူသည် စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရသူဖြစ်သော်လည်း ဘာသာစာပေနှင့် သမိုင်းအထောက်အထားများကို သုတေသနပြုလုပ်ရာတွင် ဝါသနာကြီးသူတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် ကြို့ပင်ကောက်မော်ကွန်း (အမှတ် - ၁)၊ အောင်ဒင်မော်ကွန်းနှင့် အခြားသုတေသနစာအုပ်များကို

လည်း ရေးသားထုတ်ဝေခဲ့သူဖြစ်ပါသည်။

ယခုလည်း ဤဆောင်းပါးပေါင်းချုပ်စာအုပ်ကို ရေးသားရာတွင် တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားသာဓကများကို တွေ့ရှိရပါသည်။ ပုဂံခေတ်မှစ၍ မြန်မာ့သမိုင်း၊ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာလေ့အယူဝါဒ၊ အကြောင်းအရာ အချက်အလက်များကို ခေတ်ပြိုင်ဖြစ်သော ကမ္ဘာ့နိုင်ငံကြီးများနှင့် နှိုင်းယှဉ်၍ တိတိကျကျ အထောက်အထားခိုင်လုံစွာဖြင့် ဖော်ပြထားပုံများမှာ အလွန်ချီးကျူးဖွယ်ဖြစ်ပါသည်။ သုတေသီပီသသူ စာရေးဆရာကောင်းတစ်ယောက်ဟု လက်ခံမိပါသည်။ ပုဂံခေတ်က ကျန်စစ်သားမင်း၏ ပြည်သူလူထုအပေါ်တွင် ထားရှိသောစေတနာမေတ္တာကိုလည်း လေးစားလိုက်နာဖွယ်ကောင်းအောင် တင်ပြထားပုံကိုလည်းကောင်း၊ မင်းတုန်းမင်းတရားကြီး၏အမြော်အမြင်ကြီးစွာဖြင့် မြန်မာ-အမေရိကန်ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားခဲ့ပုံများကိုလည်းကောင်း လေးစားဖွယ်အမှတ်ရစေပါသည်။ အချုပ်အားဖြင့်ပြောရလျှင် မြန်မာနှင့်ကမ္ဘာကို ဆက်စပ်၍ ဗဟုသုတအဖြာဖြာတို့ကိုပါ ရရှိစေနိုင်သည့် ဆောင်းပါးပေါင်းချုပ်စာအုပ်ဖြစ်သဖြင့် လူတိုင်းလက်ကိုင်ထား၍ မှတ်သားဖတ်ရှုသင့်ပါကြောင်း မေတ္တာရှေ့ထားလျက် ဤအမှာစာဖြင့် ရေးသားတိုက်တွန်းလိုက်ရပါသည်။

**သက်ကြီးစာပေပညာရှင် ရွှေငယ်ဝိုင်း (ကြို့ပင်ကောက်)**

*

# အမှာစာ အမှတ်စဉ် (၃)

## သူငယ်ချင်းအတွက် မုဒိတာစကား

သူက သူ့ကလောင်နာမည်ကို ဦးမြင့်ဝေ(ကြို့ပင်ကောက်)လို့ တပ်ထားပေမယ့် ကျွန်တော်တို့ကတော့ မြင့်ဝေလို့ပဲ ငယ်တုန်းကလို သုံးရတော့မည်။ မြင့်ဝေ၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)နှင့် ကျွန်တော်တို့က အထက်တန်းကျောင်းသားဘဝမှာ ဆရာကြီး ဦးရွှေဝိုင်း(ရွှေငယ်ဝိုင်း)၏ ဆရာတူတပည့်များဖြစ်ခဲ့ကြသည်။

ထိုစဉ်က မြင့်ဝေစာရေး၊ စာဖတ်ဝါသနာရှိတာ ကျွန်တော်တို့မသိခဲ့ရ၊ တင်းနစ်ကစားခြင်းကို ဝါသနာကြီးသူအဖြစ်သာ နားလည်ခဲ့ရသည်။ ကျွန်တော်က ဘောလုံးကွင်းထဲမှနေ၍ တင်းနစ်ကစားနေသော သူ့ကို ညနေတိုင်းမှာတွေ့ရစမြဲ။

သူနှင့်ကျွန်တော် စက်မှုတက္ကသိုလ်မှာ အတူရှိစဉ်ကလည်း ကျွန်တော်တို့ စာပေလှုပ်ရှားမှုတွေမှာ သူကမပါ။ နောက်တော့ အလုပ်တွေဘာတွေရပြီး လူချင်းတွေကွဲသွားကြ၏။ ကျွန်တော်နှင့် မောင်ငြိမ်းသူက စာပေလောကထဲမှာအတူတူ၊ သူကတော့ နိုင်ငံရပ်ခြားရောက်သွားသည်။

နိုင်ငံခြားကသူပြန်လာပြီးတော့ ဆောင်းပါးတွေရေးနေတာကြား၏။ ကြို့ပင်ကောက်နှင့်ပတ်သက်သော မှတ်တမ်းစာအုပ်တစ်အုပ်ကို ပြုစု၏။ သူ့ဆောင်းပါးတွေကိုတော့ မဖတ်ဖြစ်ခဲ့။

စာမူတစ်ထပ်ကြီးလာပို့ပြီး အမှာစာရေးပေးခိုင်းတော့ ဝတ္တရားအရ ဖတ်ကြည့်ဖြစ်သည်။ ဖတ်ရင်း ဖတ်ရင်း စိတ်ဝင်စားစွာ ဖတ်ဖြစ်သွားမိသည်။

ကျွန်တော်တို့မသိသော အကြောင်းအများစုကို မှတ်မှတ်သားသား သတိထားဖြစ်သည်။ ဗဟုသုတများစွာကို စာဖတ်သူများအတွက် ချန်ထားနိုင်သော စာအုပ်အဖြစ် မှုဒိတာပွားမိပြန်သည်။

မှတ်မှတ်ထင်ထင်ဖြစ်ရသည်မှာ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝ စာရူးပေရူး ဖြစ်ခဲ့ကြစဉ်မှာ ကျွန်တော်တို့နှင့်အတူ ကဗျာရေးခဲ့သော ကဗျာရူးမြင့်ဝေ တစ်ယောက်ရှိသည်။ သူ့ကိုမြင့်ဝေလေးဟုခေါ်ပြီး ယခုစာအုပ်ရေးသူ ဦးမြင့်ဝေကို မြင့်ဝေကြီးဟု ခွဲခြားခေါ်၏။ မြင့်ဝေလေးက ကျွန်တော်တို့အထဲမှာ ကဗျာရေးအားအကောင်းဆုံး၊ ဘားမားစကား၊ ဖလင်စတားမှာ ပုံနှိပ်စလုံးအဖြစ် ပထမဆုံးဖော်ပြခံရသူပင်။ တက္ကသိုလ်ရောက်တော့ ကွဲသွားပြီး သူစာမရေးဖြစ်တော့။ ယခုတော့ စီးပွားရေးပညာရှင်ဖြစ်နေပြီ။

ငယ်တုန်းက စာလုံးဝမရေးဖြစ်ခဲ့သော မြင့်ဝေကြီးကတော့ယခု စာရေးဆရာဖြစ်နေပါ ပကော။

လောကကြီး၏ အံ့ဩစရာများဟုပင် ထင်မိပါတော့သည်။

သူငယ်ချင်း

မောင်စိန်ဝင်း (ပုတီးကုန်း)

*

## အမှာစာ အမှတ်စဉ် (၄)

### သူငယ်ချင်းအတွက် စာပေမိတ်ဆက်

ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝတုန်းက စာရူးပေရူး လေးတွေ ဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့ထက် အသက်ကြီးပြီး စာပေ နယ်ထဲသို့ ဝင်ရောက်နေရာရနေသော **သက်နိုင်(ကြို့ပင်ကောက်)**ကို အားကျခဲ့ကြသည်။ ငွေတာရီတက္ကသိုလ်ကဏ္ဍတွင် ဖော်ပြခြင်းခံခဲ့ရ သော '**ချောသန့်စင်(ကြို့ပင်ကောက်)**'ကိုလည်း အားကျခဲ့ကြသည်။ ကျွန်တော်တို့အစ်ကိုကြီး 'မောင်လွမ်းဝေ'ကိုလည်း အားကျချစ်ခင် သံယောဇဉ်ဖြစ်ခဲ့ကြသည်။

ကျွန်တော်နှင့် ထူးထူးခြားခြားအတွဲဆုံးက မောင်စိန်ဝင်း(ပုတီး ကုန်း)ဖြစ်သည်။ ရံဖန်ရံခါ ထွန်းအောင်ကျော်(အောင်-ဆေး တက္ကသိုလ်)နှင့်လည်း တွဲဖြစ်ခဲ့ကြသည်။ မြင့်ဝေလေးကလည်း (မောင် မိုးပြာ)ဟူသော ကလောင်အမည်ဖြင့် ဘားမားစတားမှာ ဖော်ပြခံခဲ့ရ သည်။ ကိုးတန်း၊ ဆယ်တန်းကျောင်းသားဘဝက သူငယ်ချင်းများဖြစ် ကြသည်။

မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် ကျွန်တော်ကတော့ သူ့ကဗျာ၊ ကိုယ့် ကဗျာ အပြန်အလှန် ပေးဖတ်ကြရင်းက ရန်ကုန်မြို့ရှိ စာပေတိုက်များ သို့ ကဗျာတွေရေးသားပေးပို့ခဲ့ကြသည်။ ရွေးချယ်ဖော်ပြခြင်းခံရသည် ကို လက်ချိုးရေတွက်၍ရသော်လည်း အပယ်ခံရသည်ကများသည်။

သို့သော် ကျွန်တော်တို့ စိတ်ဓာတ်မကျဘဲ ကြိုးစား၍ ရေးသားခဲ့ကြသည်။ ထိုသို့ ရေးသားစေရန်အတွက် တွန်းအားပေးနေခဲ့သည့် စာပေဥယျာဉ်မှူးကြီးက ရှိနေသည်။

ထိုစာပေဥယျာဉ်မှူးကြီးကား ဒဂုံမဂ္ဂဇင်းခေတ်ကတည်းက ကဗျာ၊ လေးချိုး၊ ရတု၊ စာပေ အစုစုတို့ကို ရေးသားနေခဲ့သည့် ကျွန်တော်တို့၏ မြန်မာစာပြဆရာကြီး ဦးရွှေဝိုင်း(ရွှေငယ်ဝိုင်း- ကြို့ပင်ကောက်)ပင် ဖြစ်သည်။

ဆရာကြီး ဦးရွှေဝိုင်းက '**တတ်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင် ဖတ်**' ဟူ၍ စာရေးချင်သူများကို စာများများဖတ်ပြီး မှတ်သား (စု၊ တု၊ ပြု)ကြရန် လမ်းညွှန်လေ့ရှိခဲ့သည်။ နှိုးဆွလှုံ့ဆော် ပေးလေ့ရှိခဲ့သည်။ ဖူးငုံပန်းလေးတွေကို ရေလောင်းပေါင်းသင်၊ မြေတောင်မြှောက်ပေးခဲ့သည်။

ကျွန်တော်တို့ ဆယ်တန်းအောင်ခဲ့ကြပြီး တက္ကသိုလ်ကောလိပ်အသီးသီးသို့ တက်ရောက်ပညာသင်ကြားခဲ့ကြကာ လုပ်ငန်းခွင်သီးသီးသို့ ဝင်ရောက်ခဲ့ကြသည်။ စားဝတ်နေရေးအတွက် ရေကြည်ရာမြက်နုရာအရပ်တွေမှာ ကျင်လည်ကျက်စားခဲ့ကြသည်။

ကျွန်တော်တို့ငယ်စဉ် ကျောင်းသားဘဝက စာရူး၊ ပေရူးဖြစ်ခဲ့ကြသူတွေထဲမှ စာပေနယ်ထဲတွင်တင်၍ ကျန်ခဲ့သူဆိုလို့ ကျွန်တော်နှင့် မောင်စိန်ဝင်း (ပုတီးကုန်း)တို့နှစ်ယောက်ပဲ ရှိခဲ့ကြသည်။

သက်နိုင် (ကြို့ပင်ကောက်)ကတော့ ကဗျာတွေကို အလျဉ်းသင့်သလို ရေးသားနေဆဲ။

ဆရာမောင်လွမ်းဝေကတော့ ကဗျာရေးသားနေရတာကို အားမရ

သေးဘဲ ပန်းချီဆရာဘဝကိုခံယူရင်း ကွယ်လွန်သွားရှာခဲ့လေပြီ။

ကျွန်တော်တို့၏ဆရာကြီး ဦးရွှေပိုင်းရေးပေးသမျှကဗျာတွေကိုတော့ ကျွန်တော်တို့တပည့်တွေက သုံးပေးနေခဲ့ကြသည်။ စာပေနယ်ထဲတွင် မောင်စိန်ဝင်း(ပုတီးကုန်း)က လျှမ်းလျှမ်းတောက်အောင်မြင်ပြီး စူပါ တန်းဝင်ခဲ့သည်။ ကျွန်တော်လည်း နိုင်ငံတော်၏အမြင့်ဆုံး စာပေဆု ဖြစ်သော အမျိုးသားစာပေဆု(ရသစာပေဆု)ကို ရရှိခဲ့သည့်အပြင် နိုင်ငံတော်အဆင့် အခြားစာပေဆုနှစ်ဆုကိုလည်း ရရှိခဲ့သည်။

ကျွန်တော်နှင့် မောင်စိန်ဝင်း(ပုတီးကုန်း)တို့နှစ်ယောက်က စာပေလောကထဲတွင် အယ်ဒီတာ တာဝန်ထမ်းဆောင်ကြရင်း စာပေ ရေးသားကာ ရပ်တည်နေခဲ့ကြရာ အထိုက်အလျောက် အောင်မြင်ခဲ့ကြ သည်။

နယ်မြို့လေးမှာနေခဲ့စဉ်က အပယ်ခံ စာရူး၊ ပေရူးလေး နှစ် ယောက်၏ အတိတ်ဘဝနှင့် လက်ရှိဘဝကို နှိုင်းယှဉ်ကြည့်ပါက မိုးနှင့် မြေလို ကွာခြားခဲ့ကြသည်။

မောင်စိန်ဝင်း (ပုတီးကုန်း)ဆိုပါမူ ယခု ၂၀၁၃ ခုနှစ်တွင် အာဆီယံ စာပေဆု(ကဗျာ)ကို ထူးချွန်ပြောင်မြောက်စွာ ဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။

ဆရာကြီး ဦးရွှေပိုင်း၏ တပည့်တွေထဲမှ သက်နိုင် (ကြို့ပင်ကောက်)၊ ချောသန့်စင်၊ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် ကျွန်တော်တို့လောက်သာ စာပေလောကထဲတွင် နာမည်ရလာခဲ့ကြရာမှာ နောက်ပိုင်းတွင် ရွက်ပုန်းသီးစာရေးဆရာတွေ ဆက်တိုက်ပေါ်လာကြသည်ကို ပေါ်လွင် စေလို၍ ဖြစ်ပါသည်။

ကျွန်တော်တို့ အစ်ကိုကြီး ဦးတင်မြင့် (သီရိစန္ဒာဆေးခန်းပိုင်ရှင်)က

'မောင်မောင်တင်'ဟူသော ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားနေခဲ့ရာမှ ထိုဆောင်းပါးများကို လုံးချင်းအဖြစ် ထုတ်ဝေခဲ့လေရာ 'သုတစွယ်စုံစာပေ'ဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည်။

ကျွန်တော့်သူငယ်ချင်း ကိုခင်သန်းက 'ငယ်လေးမောင် (သပြေရုံ)' ဖြစ်လာသလို ကျွန်တော်တို့ ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်) စတင်ဖွဲ့စည်းစဉ်က နေရာစုံမှာ ပါဝင်ကူညီခဲ့သည့် ညီငယ်တင်မောင်ဦးကလည်း 'ကြို့ပင်ကောက် တင်မောင်ဦး' ဖြစ်လာသည်။ စာပေရေးသားရုံသာမက စာတည်းမှူးချုပ် ဖြစ်လာသည့်အပြင် ဘဝတူ စာပေသမားတွေကို ပံ့ပိုးကူညီပေးနေသူဖြစ်သည်။

ကျွန်တော်တို့ ညီငယ်အရွယ်၊ သားအရွယ်တွေထဲကလည်း စာပေနယ်ထဲသို့ ရောက်လာခဲ့ကြရာ အားရဝမ်းသာစရာကောင်းလှသည်။ လက်ကမ်းကြိုဆိုသင့်ကြသည်။

ထိုသို့ အားရဝမ်းသာစရာမြောက်မြားစွာထဲမှ စာပေလောကထဲသို့ တစ်ဟုန်ထိုး ထိုးဖောက်ဝင်ရောက်လာသူက ကျွန်တော်တို့နှင့် ကျောင်းနေဖက် ကိုမြင့်ဝေပင်ဖြစ်သည်။ ကိုးတန်း၊ ဆယ်တန်း ကျောင်းသားဘဝက တစ်တန်းတည်းနေခဲ့ကြသူတွေဖြစ်သည်။ စက်မှုတက္ကသိုလ်သို့ ရောက်သွားခဲ့သူဖြစ်သည်။ အသက်အရွယ်အရ 'ဦးမြင့်ဝေ (ကြို့ပင်ကောက်)'ဟူသော ကလောင်အမည်ဖြင့် လုံးချင်းရေးသားခဲ့သည့်အပြင် ယခုဆိုလျှင် ရွှေနိုင်ငံသစ်နေ့စဉ်သတင်းစာတွင် ပင်တိုင်ဆောင်းပါးရှင်ဖြစ်နေလေပြီ။

ကြို့ပင်ကောက်မော်ကွန်း (၁)ကို ငွေကုန်လူပန်းကြိုးစားပြီး ထုတ်ဝေခဲ့သည့် သူ၏စာပေ စေတနာနှင့် ဇာတိမြေကို ချစ်သည့်စိတ်ကိုတော့ ဂုဏ်ပြုမှတ်တမ်းတင်ရမည်။ သူ့ဖခင်ဦးသန်းဝေကလည်း ကြို့ပင်

ကောက်မြို့၏ မြို့မျက်နှာဖုံးဖြစ်သည့်နယ် ကြို့ပင်ကောက်မြို့နယ် (ရန်ကုန်) အသင်း စတင်တည်ထောင်ဖို့ ကြိုးစားခဲ့စဉ်ကလည်း ဦးဆောင်သူတွေထဲတွင် အပါအဝင်ဖြစ်ခဲ့ သည်။

ဖခင်၏အမွေကို ကိုမြင့်ဝေက လက်ဆင့်ကမ်းခံယူခဲ့သည်။ ဒေသကောလိပ်ဌာနမှူး ဘဝကတည်းက စာပေရေးသားခဲ့သည်ကို ကျွန်တော်တို့က လုံးဝမသိခဲ့ကြ၊ လုံးချင်းထုတ်ဝေတော့မှ သတိထားမိခဲ့ကြသည်။

ယခုတော့ ရွှေနိုင်ငံသစ်နေ့စဉ်သတင်းစာနှင့် ငွေပင်လယ်ဂျာနယ်၏ ကျေးဇူးကြောင့် ဦးမြင့်ဝေ(ကြို့ပင်ကောက်)ကို လူသိများနေကြလေပြီ၊ အထိုက်အလျောက် ထင်ရှားကျော်ကြားလာလေပြီ၊ စာဖတ်သူအချင်းချင်း လက်တို့ပြီး ဖတ်ရှုစေခဲ့သည့်အဆင့်သို့ ရောက်လာလေပြီ။

ကိုးတန်း၊ ဆယ်တန်းကျောင်းသားဘဝတုန်းက စာရူး ပေရူးတွေထဲမှာ မပါဝင်ခဲ့ပေမယ့် အသက်ကြီးမှ စာပဝေမ်းစာပြည့်ဝစွာဖြင့် စာပေကုန်ကြမ်းမျိုးစုံကို စာပေကုန်ချောအဖြစ် ထုဆစ်ခြယ်မှုန်းနေသည်မှာ အားရစရာပင် ကောင်းလှသည်။

အကြောင်းအရာ၊ ကြောင်းခြင်းရာမျိုးစုံကို ရေးသားရာ၌ အထောက်အထား အကိုးအကား ပိုင်နိုင်ခိုင်လုံသေချာစွာ ရေးသားနိုင်စွမ်းရှိသော သူငယ်ချင်း ဦးမြင့်ဝေ (ကြို့ပင်ကောက်)၏ စာပေစွမ်းရည်ကို အသိအမှတ်ပြုနေကြရသည်။ ဤသည်ပင်လျှင် သူ၏စွမ်းဆောင်ရည်ပင်ဖြစ်သည်။

အသက်ကြီးမှ စာရေးသူများထဲတွင် အောင်မြင်ကျော်ကြားသူများရှိခဲ့ရာ ဆရာမြတ်ဟန်၊ ဆရာလှမိုး (ပညာရေး)၊ ဆရာပခုက္ကူ ဦးအုန်းဖေနှင့် ဆရာကေသီပန်ဦးလှမြင့်တို့ ဖြစ်ကြသည်။ ကေသီပန် ဦးလှမြင့်ဆိုလျှင် အမျိုးသားစာပေဆုကိုပင် ရရှိခဲ့သည်။ ဆရာလှမိုး (ပညာရေး)ဆို

ပါမူ လုံးချင်းတွေရေးသားနေသည့်အပြင် စာနယ်ဇင်းမျိုးစုံတွင် တောင်းစာမူပညာရှင်အဖြစ် လက်မလည်အောင် ရေးသားနေရသည်။

ကျွန်တော့်သူငယ်ချင်း ဦးမြင့်ဝေ (ကြို့ပင်ကောက်)လည်း သူတို့လိုပင် အောင်မြင်ကျော်ကြားထင်ရှားလာနိုင်ပါသည်။

ယခု သူရေးသားခဲ့သော ဆောင်းပါးများကို စုစည်းကာ လုံးချင်းအဖြစ် ထုတ်ဝေလိုက်လေရာ ဖတ်ချင်စဖွယ်၊ မှတ်သားစရာ၊ လိုက်နာကျင့်ကြံစရာ၊ သုတမျိုးစုံပါရှိသဖြင့် စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ သင့်အိမ်ရှိ စာအုပ်စင်တွင် ရှိသင့်သည်။

သူငယ်ချင်း ဦးမြင့်ဝေ(ကြို့ပင်ကောက်) စာပေလောကမှာ ထွန်းတောက်အောင်မြင်ပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

*

## မိတ်ဆက်အမှာလွှာ

စာပေသည် လူ့အသိတရားနှင့်ဆိုင်ပါသည်။ စာပေသည် ဉာဏ ပစ္စည်းဖြစ်သည့်အတွက် လူများကို သုတရသပေးပါသည်။ စာပေ၏ သုတရသသည် လူသားများ၏ အသိဉာဏ်ကို ဖွံ့ဖြိုးစေပါသည်။

လူသားတို့သည် အခြားသတ္တဝါများထက် အားသာချက်များရှိသည်။ ယင်းတို့မှာ များသောအားဖြင့် တရားခြင်း၊ မတရားခြင်း စဉ်းစားတတ်ပြီး ဓာတိစိတ် စေ့ဆော်မှုကို ထိန်းသိမ်းသည့် ကိုယ်ကျင့်တရားရှိသည်။ အလုအပအနုပညာကို ဖန်တီးတတ်ခြင်း၊ ခံစားတတ်သော အသိဉာဏ်နှင့် အကျိုးအကြောင်း အပြန်အလှန်ဆင်ခြင်နိုင်သော အသိဉာဏ်များရှိကြသည်။

ထိုသို့သော အားသာချက်စွမ်းအားများကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးနိုင်လျှင် လူ့ ဘောင်ဘဝကို ပိုမိုတိုးတက်ကောင်းမွန်တတ်ပါသည်။ လူ့ဘောင်ဘဝဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်၊ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန် လိုပါသည်။ ထို့ကြောင့် လူတို့၏ အသိဉာဏ်အတွက် သုတရသစာပေများကို လေ့လာမှတ်သားသင့်ပါသည်။

ဆရာဦးမြင့်ဝေ(ကြို့ပင်ကောက်)၏ **'မြန်မာတို့၏ အနိုင်းမဲ့ဇရပ်နှင့် အခြား ဆောင်းပါးများ'** စာအုပ်သည် ပြည်တွင်း၊ ပြည်ပအပြင် ပတ်ဝန်းကျင်နှင့် ဘာသာရပ်ဆိုင်ရာ သုတရသစုံသော စာအုပ်ကောင်း

တစ်အုပ်ဖြစ်ပါသည်။

ထိုစာအုပ်ကို ဖတ်ခြင်းအားဖြင့် စာဖတ်ပရိသတ်အား **အသိပညာရ၍ ကျေနပ်စေခြင်း၊ သုတရသရ၍ ကျေနပ်စေခြင်း၊ အကျိုးအကြောင်းဆက်၍ လက်တွေ့ဆင်ခြင်ခွင့်ရ၍ ကျေနပ်စေခြင်း** စသည့် ကျေနပ်မှုအကြောင်းများကိုရမည်မှာ ဧကန်မလွဲဖြစ်ကြောင်း တင်ပြပါသည်။

စာဖတ်ပရိသတ်များကို လေးစားလျက်

ဦးတင်မောင်ဦး

စာတည်းချုပ် (ငြိမ်း) ပြန်/ဆက်

Honourable Adviser (ငွေပင်လယ်ဂျာနယ်) အယ်ဒီတာချုပ်
(သုခမိန်စာစောင်)

အမှုဆောင်အယ်ဒီတာ (ရခိုင်ပြည်နယ် သတင်းဂျာနယ်)

*



ရှေးက မြန်မာ့ဇရပ်တစ်ဆောင်။

## မြန်မာတို့၏ အနှိုင်းမဲ့ ဇရပ်များ

ကျွန်တော်သည် အဘွားဖြစ်သူအား ကောင်းစွာမှီလိုက်သူဖြစ်သည်။ ကျွန်တော် (၉)နှစ်သားအရွယ်တွင် အဘွားက အသက် (၉၀)အရွယ် ဖြစ်သည်။ အဘွားက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်ရှိ မိုးညှင်းမြို့နယ် ရေကင်းမင်းကြီးသူဖြစ်သည်။

ကျွန်တော့်အဘွားသည် အဘိုးဖြစ်သူ ဆင်ပေါင်ဝဲရွာသားနှင့် အိမ်ထောင်ကျပြီး ကျွန်တော်တို့ကို မွေးဖွားခဲ့ရာ ကြို့ပင်ကောက်မြို့တွင် အခြေစိုက်နေထိုင်ခဲ့သူဖြစ်သည်။ အဘွားသည် သီပေါမင်း ပါတော်မူ သွားသောသင်္ဘောကို ဧရာဝတီမြစ်ကမ်းမှ လှမ်းမျှော်မြင်တွေ့ခဲ့သူဖြစ် သည်။ အဘွားတွင် မျိုးချစ်စိတ်၊ မြန်မာမှု၊ မြန်မာ့ဟန်ကို မြတ်နိုးစိတ်အ

ပြည့်ရှိသူဖြစ်သည်။

အဘွားနှင့် ကျွန်တော်တို့နေထိုင်ရာ အိမ်ရှေ့လမ်းမတွင် အများသောက်သုံးရန် ရေအိုးစင်တစ်ခုကို အဘွားက တည်ဆောက်ပေးထားသည်။ ရေအိုးစင်ပတ်ပတ်လည်တွင် သဲဖြူများခင်းထားသည်။ သဲဖြူများထဲတွင် စပါးစေ့များထည့်ထားသည်။ ရေလောင်းပေးသည်။ အချိန်တန်လျှင် သဲဖြူများထဲမှ စပါးပင်စိမ်းဝါဝါလေးများ ပေါ်ထွက်လာသည်။ ရေအိုးကိုလည်း သန့်သန့်ထားပေးသောကြောင့် မြို့သို့လာကြသော ကျေးလက်တောရွာသူများ သောက်သုံးစရာဖြစ်လေသည်။ အဘွားသည် အဖော်မဲ့သူဖြစ်သည်။ အဘိုးဆုံးသွားခဲ့သည်မှာ ကြာပြီဖြစ်သည်။ သားသမီးဆိုသည်မှာလည်း မိမိအလုပ်အကိုင်၊ အရောင်းအဝယ်နှင့် အဘွားအနီးသို့ မလာနိုင်ကြ။ ကျွန်တော်တို့မြေး၊ မြစ်ဆိုသည်မှာလည်း ဆော့ကစားဖို့သာ အာရုံများနေခဲ့ကြသည်။ အဘွားအနီးတွင် မနေလိုခဲ့ကြ။

သို့ရာတွင် အဘွားအတွက် ကိစ္စမရှိ။ အဘွားက သူတည်ဆောက်ထားသော သောက်ရေအိုးစင်သို့ပင် လာရောက်ပြီး သောက်သုံးသော ခရီးသွားများနှင့် စကားပြောနေတတ်သည်။ ရေဝင်သောက်သော ခရီးသွားများနှင့် စကားပြောဆိုရသည်ကို အဘွားက သဒ္ဓါပီတိဖြစ်နေတတ်သည်။

အဘွားသည် ဖော်ပြပါရေအိုးစင်ကိုသာမက ကျွန်တော်တို့နေထိုင်ရာ ပွဲစားတန်းနှင့် မဟာလောကသိရိ ဘုရားကြီးလမ်းထောင့်တွင် ဇရပ်တစ်ခုကိုပါ တည်ဆောက်လှူဒါန်းခဲ့ပါသည်။ အဘွား၏ဇရပ်သည် လေးတိုင်စင်သာဖြစ်သည်။ သွပ်မိုးထားသည်။ အကာအရံမရှိ၊ ခရီးသွားများ နားနေနိုင်ရန်၊ အရိပ်ခိုရန်နေရာကောင်းတစ်ခုဖြစ်သည်။ ဇရပ်တွင်

နားနေသူများ၊ သောက်ရေအိုးမှ ရေကိုဝင်ရောက်သောက်သုံးသူများနှင့် စကားပြောရင်း လူ့ဘဝ၏နောက်ဆုံးအချိန်များတွင် တတ်နိုင်သရွေ့ လူ့အကျိုးပြုလုပ်ငန်းလုပ်ဆောင်ရင်း ကုန်လွန်စေသူဖြစ်သည်။

ထိုအခါမှစပြီး ကျွန်တော့်စိတ်အာရုံတွင် မြန်မာတို့၏ သောက်ရေအိုးစင် တည်ဆောက်လှူဒါန်းသော ဓလေ့နှင့် ဇရပ်ဆောက်လုပ်လှူဒါန်းသောဓလေ့များကို မှတ်သားထားမိခဲ့သည်။ မြန်မာတို့၏ ဒုတိယနောက်ဆုံးဘုရင်ဖြစ်သော မင်းတုန်းမင်းသည် မန္တလေးမြို့ရိုး၊ ကျုံးစေတီပုထိုးများအပြင် မန္တလေးမြို့ရိုး၏ အရှေ့မြောက်အရပ်ရှိ သုဓမ္မာဇရပ်ကြီးများကိုလည်း လှူဒါန်းခဲ့သည်။ မန္တလေးတောင်ခြေတစ်ဝိုက်တွင်ရှိသော ဘုရားများကို ဖူးမြော်ရန်လာကြသော ဘုရားဖူးများအတွက် အထူးအဆင်ပြေခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာတင်သော ဘဝရှင်မင်းတရားကြီးဖြစ်သော်လည်း ဆော်ဒီအာရေဗျနိုင်ငံ (Saudi Arabia)မက္ကာမြို့သို့ ဟာဂျီလုပ်ရန်လာကြသော ဘုရားဖူးများတည်းခိုရန် ဇရပ်ကြီးများကိုလည်း ဘုရင့်တံဆိပ်ဖြစ်သော ဒေါင်းတံဆိပ်ခတ်နှိပ်ပြီး လှူဒါန်းခဲ့သည်။

တစ်ဖန် မြန်မာနိုင်ငံသို့ မြန်မာစာနှင့် မြန်မာစကားတစ်လုံးမှမတတ်ဘဲ ရေနှစ်ခရစ်ယာန်သာသနာပြုရန် ဆရာယုဒသန် (Judson)ရောက်ရှိလာခဲ့ရာ ၎င်းသည် မြန်မာတို့၏ ဇရပ်တည်ဆောက်သောဓလေ့ကို ကောင်းစွာသိသောသူဖြစ်သောကြောင့် မိမိအိမ်အနီးတွင် ဇရပ်တစ်ခုကို တည်ဆောက်ခဲ့သည်။ ခရီးသွားများ နားနေရန်သာမက ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် စာပေစကားပြောရန် အခွင့်အရေးများရရှိခဲ့သည်။ ပြည်သူများနှင့် ထိတွေ့ပြီး မြန်မာဓလေ့ကို လေ့လာခွင့်ရရှိခဲ့သည်။ မ

ကြာမီ ဗမာစကားပြောနိုင် ဗမာစာပေများကို ရေးဖတ်နိုင်ခဲ့သည်။ ထိုမျှသာမက မြန်မာ-အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်-မြန်မာအဘိဓာန်တို့ကို ပြုစုခြင်း၊ သမ္မာကျမ်းစာကိုပင် မြန်မာဘာသာသို့ တိကျစွာ ဘာသာပြန်ဆိုခြင်းတို့ကို အောင်မြင်စွာပြုလုပ်ခဲ့သည်။


a village . . whose roof lines are broken by the cupolas of mosques and zaouias. **1978** J. UPDIKE *Coup* (1979) iii. 122 Who was it used to tell reporters I was a *zawiya* Berber too pious to be seen?

**zax**, dial. form of SAX *sb.*¹, tool for cutting slates.

**zay**, dial. form of SAY *v.*¹

‖**zayat** ('zɑːjət). [Burmese.] A public hall or shed for worship, meetings, or shelter. **1823** MRS. A. JUDSON *Amer. Bapt. Miss. Burman Emp.* 145 The Zayat, the Burman name for a place for public worship, was erected. **1852** PIERSON *Miss. Mem.* 89 In April 1819 the first zayat was opened for Christian worship. **1906** *Blackw. Mag.* Aug. 230/2 They went straight to the *zayat*, the strangers' rest-house.

‖**zazen** (zaːˈzɛn). Also 8 **Sasen; Zazen.** [Jap., f. *za* sitting, a seat + *zen* ZEN.] Zen meditation. **1727** J. G. SCHEUCHZER tr. *Kæmpfer's Hist. Japan* I. iii.

ဇရပ်သည် မြန်မာတို့ဘဝဓလေ့တွင် ထိုမျှအရေးပါအရာရောက်ခဲ့သည်။ ဇရပ်ကို အင်္ဂလိပ်ဘာသာတွင် ZAYAT ဟုပင် စာလုံးပေါင်းသည်။ ဇရပ်၏ အဓိပ္ပာယ်မှာ ခရီးသွားများ ဘုရားဖူးများ အခမဲ့တည်းခိုရန် အဆောက်အဦဖြစ်သည်။ အစားအသောက် မရနိုင်။ ပိုင်ရှင်ရှိသည်။ ဇရပ်သည် ဟိုတယ်မဟုတ်။ စားသောက်ဆိုင်မဟုတ်။ ထိုသို့သော ဂုဏ်အင်္ဂါထူးခြားချက်နှင့် တုနှိုင်းစရာ စကားလုံးအနှိုင်းမဲ့ဖြစ်သောကြောင့် ဇရပ်ကို ZAYAT ဟုပင် Cambridged Marriam Webster Dictionary တွင်

လည်းကောင်း၊ အင်တာနက်မှာရှိသော Dictionary.Com အင်တာနက် အဘိဓာန်တွင်လည်းကောင်း ဖော်ပြထားသောကြောင့် မြန်မာတို့၏ အနှိုင်းမဲ့ဇရပ်ဟု တင်စားအမည်ပေးခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ခေတ်အဆက်ဆက် ဇရပ်ဆောက်လုပ်လှူဒါန်းခဲ့သော ပုဂ္ဂိုလ်ကြီးများကို ဂုဏ်ပြုရင်း မြတ်နိုးဖွယ် အနှိုင်းမဲ့ မြန်မာ့ဓလေ့တစ်ခုကို တင်ပြအပ်ပါသည်။ ။

*



# အင်းဝသို့ပင့်ဆောင်ခြင်းမှ လွတ်ကင်းခဲ့သော ထိုင်းတို့၏ ရွှေဆင်းတု

အင်းဝသို့ပင့်ဆောင်ခြင်းမှ လွတ်ကင်းခဲ့သော ထိုင်းတို့၏ ရွှေဆင်းတု

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ တရုတ်တန်းတွင်ရှိသည့် (Wat Traimit)ဆိုသည့် သဲကျောက်ဗုဒ္ဓဆင်းတုတော်ကြီးကို နေရာရွှေ့ခဲ့ပါသည်။ ဆိုင်းကြိုးပြတ်ကျပြီး ဗုဒ္ဓဆင်းတုတော်ကြီး ကွဲအက်သွားခဲ့သည်။ ဤတွင် သဲကျောက်ဆင်းတုတော်ကြီးသည် အမှန်စင်စစ် သဲကျောက်ဆင်းတုတော်ကြီးမဟုတ်ဘဲ ရွှေဖြင့်သွန်းလုပ်ထားသည့် ဗုဒ္ဓ

ရုပ်ပွားတော် ရွှေဆင်းတုကြီး ဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။

အဲဒီ ရွှေဆင်းတုတော်ကြီး၏ ဖြစ်စဉ်ကိုရှင်းပြပါမည်။ ရွှေဆင်းတုတော်ကြီးကို သောကတဲ (Sukhothai)ခေတ်က သွန်းလုပ်ထားခဲ့ပြီး သောကတဲမြို့တော်ဗဟိုချက်မှာ တည်ထားကိုးကွယ်ခဲ့ပါသည်။ နောက်တော့ သောကတဲဒေသမှ အယုဒ္ဓယမြို့တော်သို့ ထိုင်းဘုရင်အဆက်ဆက်မှ ပင့်ဆောင်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကုန်းဘောင်ရွှေဘို တတိယမြောက်မင်းအဖြစ် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်းတရားကြီး နန်းတက်နေသည့်အချိန်ဖြစ်ပါသည်။ ဆင်ဖြူရှင် မင်းတရားကြီး၏ ငယ်နာမည်မှာ မောင်ရွှေပ်ဖြစ်ပြီး မြေဒူးမင်းဟုလည်း ကျော်ဇောပါသည်။ တရားဝင် ဘွဲ့နာမတော်မှာ သီရိပဝရသုဓမ္မ မဟာရာဇာဓိန္ဒာဓိပတိဟု ခေါ်တွင်သည်။

ဆင်ဖြူရှင်မင်းတရားကြီးသည် ခမည်းတော်လက်ထက် စစ်ပွဲများတွင်ပါဝင်ခဲ့ပြီး စစ်ရေးကိုလည်း ဝါသနာပါ၊ ကျွမ်းကျင်သူတစ်ယောက်ဖြစ်ခဲ့သည်။ ဖခမည်းတော် အလောင်းဘုရားကြီးလက်ထက် ထိုင်းနိုင်ငံကို ချီတက်တိုက်ခိုက်ရာမှာ မအောင်မြင်ခဲ့ပါ။ ထိုစစ်ရေးအတွေ့အကြုံ အားနည်းချက်များကိုပြုပြင်ပြီး ထိုင်းနိုင်ငံကိုစစ်တိုက်ခဲ့ပါသည်။

စစ်ကြောင်းမှာ နှစ်ကြောင်းဖြစ်ပြီး ပထမစစ်ကြောင်းမှာ အယုဒ္ဓယမြို့မြောက်ဘက်ကို တိုက်ခိုက်ရန် ဇင်းမယ်မှချီတက်တိုက်ခိုက်သောစစ်ကြောင်းဖြစ်သည်။ နေမျိုးသီဟပတေ့က စစ်ကြောင်းမှူးဖြစ်ခဲ့သည်။ ဒုတိယစစ်ကြောင်းမှာ အယုဒ္ဓယကို တောင်ဘက်မှတိုက်ခိုက်သောစစ်ကြောင်းဖြစ်သည်။ အဲဒီစစ်ကြောင်းမှာ ထားဝယ်မြို့မှ ချီတက်လာသော စစ်ကြောင်းဖြစ်ပြီး မဟာနော်ရထာက စစ်ကြောင်းမှူးဖြစ်သည်။

ထိုင်းနိုင်ငံ၏မြို့တော် အယုဒ္ဓယကို မြန်မာ့စစ်ကြောင်းနှစ်ကြောင်းက ၁၄ လတိုင်တိုင် ဝိုင်းထားခဲ့သည်။ မြန်မာတပ်များက ရိက္ခာအတွက် လယ်ထွန်ပြီး စစ်တိုက်ခဲ့ကြသည်။ မြို့တွင်း၌ ပိတ်မိနေသော ထိုင်းဘုရင်သည် မကြာမီစစ်ရှုံးတော့မည်ကို သိသောအခါ ယခုကျွန်တော်တင်ပြသော ရွှေဆင်းတုတော်ကြီးကို အင်္ဂတေများနှင့်မံပြီး အပေါ်တွင် မှန်စီရွှေချကာ သာမန် အဆောက်အဦထဲမှာပဲ ကိန်းဝပ်တော်မူစေခဲ့ပါသည်။

ထိုင်းဘုရင်မှာ တိုက်ပွဲတွင်ကျဆုံးခဲ့ပါသည်။ အယုဒ္ဓယမြို့အတွင်း မြန်မာတပ်များ ဝင်ရောက်လာသောအခါ ရွှေဆင်းတုတော်ကြီးကို ရွှေဆင်းတုမှန်းမသိခဲ့ကြပါ၊ ဆင်ဖြူရှင်မင်းတရားကြီး ထီးနန်းစိုက်ရာ မြန်မာတို့၏ မြို့တော်အင်းဝသို့ ပင့်ဆောင်ခြင်း မပြုခဲ့ပေ။

ဤသို့ဖြင့် ရွှေဆင်းတုတော်ကြီးမှာ နှစ်ပေါင်း ၂၀၀ ခန့် ဇာတ်မြုပ်ခဲ့သည်။ ၁၉၅၅ ခုနှစ် မေလ ၂၅ ရက်နေ့မှာ ဆင်းတုတော်ကြီးကိုမချီရင်းကွဲအက်ရာမှ ရွှေဆင်းတုတော်ကြီး ပြန်လည်ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အဲဒီအချိန်တုန်းကလည်း ဗုဒ္ဓသာသနာနှစ်ပေါင်း ၂၅၀၀ ပွဲတော်နီးကပ်လာသော ကာလဖြစ်၍ ထိုင်းတို့ အလွန်ပျော်ခဲ့သည်။

ဆင်းတုတော်ကြီးမှာ လက်ရာအလွန်ကောင်းမွန်ပါသည်။ အပိုင်းကိုးပိုင်း ဆက်စပ်ထားခြင်း ဖြစ်ပါသည်။ ထိုအပိုင်းများကို ဖြုတ်ရန်၊ တပ်ရန်သော့များကိုလည်း ဆင်းတုတော်တွင် တွေ့ရပါသည်။ ဆင်းတုတော်ကြီးကို ဘန်ကောက်မြို့ တရုတ်တန်း (Wat Traimit) ဘုရားကျောင်း၌ ယနေ့တိုင်ဖူးမြော်နိုင်ပါသည်။

ဆင်းတုတော်ကြီးမှာ ဉာဏ်တော် ၁၀ ပေခန့်၊ အလေးချိန် ၅ ဒဿမ

၅ တန်ခန့်ရှိပါသည်။ ရွှေသန့်စင်မှုပျမ်းမျှ ၈၅ ရာခိုင်နှုန်းရှိသောကြောင့် ယခုကာလထိုဆင်းတုတော်ကို သွန်းလုပ်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ကုန်မည်ဟု ခန့်မှန်းကြပါကြောင်း တင်ပြအပ်ပါသည်။



ရွှေဆင်းတုတော်ကြီးကိန်းဝပ်စံပါယ်တော်မူရာ ဘန်ကောက်မြို့ တရုတ်တန်း(Wat Traimit)ဘုရားကျောင်း

*